# ပြည်ထောင်စုအာမခံစိန်စ်အဖွဲ့အက်ဥပဒေ။

[၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၁၆။] (၁၉၅၀ ပြည့်နှစ်၊ မေလ ၁ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၀ ပြည့်နှစ်၊ ပြည်ထောင်စု အာမခံစိန်စ်အဖွဲ့ အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတ က အမိန့်ထုတ်ပြန်ကြေညာ၍ သတ်မှတ်သောနေ့ရက်တွင် [၁] အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်——

(က) ''အဖွဲ့'' ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စု အာမခံစိန်စ်အဖွဲ့ကိုဆိုလိုသည်။

(ခ) ''ဒါရိုက်တာလူကြီး'' ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ခန့်ထားသော အဖွဲ့ဝင်ကိုဆိုလိုသည်။

(ဂ) ''ပြည်ထောင်စု ပြည်သူ့ဝန်ထမ်း'' ဆိုသည်မှာ၊ ပြည်ထောင်စု ပြည်သူ့ဝန်ထမ်းအဖွဲ့၌ဖြစ်စေ၊ ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ် ပြည်သူ့ဝန်ထမ်းအဖွဲ့၌ဖြစ်စေ၊ အမြဲတမ်း ရာထူးထမ်းရွက်သူကို သော်၎င်း၊ ရာထူးခန့်သော အရာရှိက အမြဲတမ်းဖြစ်တန်ရာသည်ဟု ထင်မြင်သောရာထူးတွင် ခန့်ထားခြင်းခံရသူကိုသော်၎င်း ဆိုလိုသည်။

(ဃ) ''ပြည်သူ ပြည်သား'' ဆိုသည်မှာ၊ ပြည်ထောင်စု ပြည်သူ့ ဝန်ထမ်း မဟုတ်သူကို ဆိုလိုသည်။

(င) ''အသက်အာမခံ'' ဆိုသည်မှာ၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လူ့အသက်အတွက် ထားရှိသောအာမခံ ပေါ်လီစီအရ ထုတ်ပေးထိုက်သော ပေါ်လီစီငွေထုတ်ပေးရန် တာဝန်ယူခြင်းကိုသော်၎င်း၊ ထုတ်ပေးထိုက်သော သက်ဆုံးတိုင် ရာသက်ပန်နှစ်ကြေး (annuity) ကိုထုတ်ပေးရန်တာဝန်ယူခြင်းကိုသော်၎င်း ဆိုလိုသည်။

---

[၁] ၁၉၅၀ ပြည့်နှစ်၊ မေလ ၁ ရက်။ ။မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၁ ပြည့်နှစ်၊ အပိုင်း ၁၊ စာမျက်နှာ ၃၄၂ တွင်ကြည့်။

(စ) ''ထောက်ပံ့မှုအာမခံ'' ဆိုသည်မှာ၊ နိုင်ငံသားစု အသီးသီးအတွက် အာမခံစီနစ်မှုအတိုင်း၊ မုချသုံးစွဲ ဆောင်ရွက်ရသည်လည်းဖြစ်၍ ဝမ်းစာရှာအား ဆုံးရှုံးခြင်းကြောင့် သော်၎င်း၊ မကျန်းမမာခြင်းကြောင့် သော်၎င်း၊ အလုပ်လက်မဲ့ဖြစ်ခြင်းကြောင့် သော်၎င်း၊ အိုမင်းမစွမ်းဖြစ်ခြင်းကြောင့်သော်၎င်း၊ မိမိ၏ မိသားစုကို လောက်ငစွာ မထောက်ပံ့နိုင်ခြင်းကြောင့် သော်၎င်း တနည်းနည်း ချို့ငဲ့သူများအတွက် အကျိုးခံစားခွင့် ထားရှိသည်လည်းဖြစ်သော စီမံချက်ကိုဆိုလို၍ ထိုစီမံချက်လည်း ပါဝင်သည်။

(ဆ) ''အထွေထွေအာမခံ'' ဆိုသည်မှာ၊ အသက်အာမခံ၊ ထောက်ပံ့မှုအာမခံတို့မှအပ၊ အခြားအာမခံကိုဆိုလိုသည်။

[1](ဇ) ''မိသားစု'' ဆိုသည့်စကားရပ်တွင်—

(၁) ဤအက်ဥပဒေအရ အာမခံထားသူသည် ယောက်ျားဖြစ်လျှင်၊ ထိုသူ၏ တရားဝင်မယားနှင့် ကလေးများ။

(၂) ဤအက်ဥပဒေအရ အာမခံထားသူသည် မိန်းမဖြစ်လျှင်၊ ထိုသူ၏တရားဝင် လင်နှင့်ကလေးများ။

(၃) ဤအက်ဥပဒေအရ အာမခံထားသူ၏ မိခင်ဘခင်။

(၄) ဤအက်ဥပဒေအရ အာမခံထားသူက မှီခိုအားထားခဲ့ရသည့်၊ သို့မဟုတ် ၎င်းအပေါ်တွင် မှီခိုအားထားနေသည့် နီးစပ်သော ဆွေမျိုးညာတိများ ပါဝင်သည်။

[2]၃။ ။ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်၎င်း၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့်၎င်း၊ မဆန့်ကျင်စေဘဲ—

(က) ပြည်ထောင်စု၏ ကုန်းတပ်၊ ရေတပ်၊ လေတပ်တို့တွင် အမှုထမ်းနေသော သူများမှအပ၊ အခြားပြည်ထောင်စု ပြည်သူ့ဝန်ထမ်းတိုင်းသည်၊ နိုင်ငံတော် သမတ က၊ အမိန့်ကြော်ငြာစာဖြင့်သတ်မှတ်သောနေ့ရက်မှစ၍ အသက်အာမခံပြုလုပ်ရမည်။ ယင်းသို့သတ်မှတ်ရာတွင် ပြည်ထောင်စု ပြည်သူ့ဝန်ထမ်းမျိုးမည် ခွဲခြား၍သော်၎င်း ဒေသခွဲခြား၍သော်၎င်း နေ့ရက်များ သတ်မှတ်နိုင်သည်။

(ခ) ပြည်ထောင်စု၏ ကုန်းတပ်၊ ရေတပ်၊ လေတပ်တို့တွင် အမှုထမ်းနေသော သူများနှင့် ပြည်ထောင်စု ပြည်သူ့ဝန်ထမ်း ဆိုသည့်စကားရပ်တွင် အကျုံးမဝင်သော ယာယီရာထမ်းမှုထမ်း အသီးသီးမှာ မိမိသဘောအလျောက် အသက်အာမခံပြုလုပ်လိုလျှင်၊ ပြုလုပ်နိုင်ခွင့်ရှိရမည်။ ယင်းသို့ အသက်အာမခံပြုလုပ်ရာ၌ ထိုသူသည် ပြည်ထောင်စု ပြည်သူ့ဝန်ထမ်းတဦး ရရှိသည့်အခွင့်အရေးအားလုံးကို ရရှိစေရမည်။

(ဂ) ပြည်သူ ပြည်သားတဦးမှာ၊ မိမိသဘောအလျောက် အသက်အာမခံပြုလုပ် လိုလျှင် ပြုလုပ်နိုင်ခွင့်ရှိရမည်။

---

[1] ၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၄၄ အရ၊ အစားထည့်သွင်းသည်။
[2] ၁၉၅၂ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၅ အရ၊ အစားထည့်သွင်းသည်။

ခြွင်းချက်။ ။သို့ရာတွင် နိုင်ငံတော် သမတ သည်၊ မိမိက ဤကိစ္စအလို့ငှါသတ်မှတ်သော စည်းကမ်းချက်များအရ၊ ပြည်ထောင်စု ပြည်သူ့ဝန်ထမ်းတဦးအား အပိုဒ် (က) ၏ ပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၄။ ။(၁) နိုင်ငံတော်သမတ ကခန့်ထားသော ဉက္ကဋ္ဌပါဝင်သည့် ဒါရိုက်တာလူကြီး အနည်းဆုံး ငါးဦး၊ အများဆုံးကိုးဦးဖြင့်၊ ပြည်ထောင်စု အာမခံစံနစ်အဖွဲ့ဟု ခေါ်တွင်ရမည့်အဖွဲ့ကို ဖွဲ့စည်းရမည်။

(၂) ဤအဖွဲ့သည်၊ တရားဝင်အဖွဲ့ဖြစ်ရမည်။

(၃) ဒါရိုက်တာလူကြီးများ၏ ရာထူးသက်တမ်းသည်၊ နိုင်ငံတော်သမတ က နည်းဥပဒေများ[၁] ဖြင့်သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

(၄) ပြည်ထောင်စု ပြည်သူ့ဝန်ထမ်းမဟုတ်သော ဒါရိုက်တာလူကြီးများအား၊ ဤကိစ္စအလို့ငှါ နိုင်ငံတော်သမတ ကသတ်မှတ်သောအခနှင့် စရိတ်ကြေးငွေများကိုပေးရမည်။

၅။ ။အာမခံစံနစ်နှင့်သက်ဆိုင်သော ကျွမ်းကျင်မှုလိုသည့်ကိစ္စများအတွက်၊ အကြံဉာဏ်ပေးစေရန် ကျွမ်းကျင်သူတဦးဦးကို ဤအဖွဲ့သည် နိုင်ငံတော် သမတ ၏ကြိုတင်သဘောတူချက်ဖြင့် ခန့်ထားနိုင်သည့်ပြင်၊ ထိုကျွမ်းကျင်သူအား၊ နည်းဥပဒေဖြင့် နိုင်ငံတော်သမတက သတ်မှတ်သော အခကြေးငွေကိုလည်း ပေးနိုင်သည်။

၆။ ။(၁) ဤအဖွဲ့သည်၊ နိုင်ငံတော်သမတ ၏ကြိုတင်သဘောတူညီချက်ဖြင့် မိမိ၏ တာဝန်ဝတ်တရားများ၊ အာဏာများနှင့် အလုပ်ဝတ်တရားများကို နိုင်နင်းစွာ သုံးစွဲဆောင်ရွက်နိုင်ရန်၊ လိုအပ်သော အရာထမ်း အမှုထမ်းများကို ခန့်ထားနိုင်သည်။

(၂) အရာထမ်း အမှုထမ်းများ၏လစာနှင့်စရိတ်ကြေးငွေများနှင့် ထိုသူတို့၏ အမှုထမ်း စည်းကမ်းချက်များသည်၊ နိုင်ငံတော်သမတ ၏ကြိုတင်သဘောတူညီချက်ယူကာ ဤအဖွဲ့က စည်းကမ်းဥပဒေများဖြင့် သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။

(၃) ထိုအရာထမ်းအမှုထမ်းများ၏ တာဝန်ဝတ်တရားများနှင့် အာဏာများသည်၊ ဤအဖွဲ့က ပုဒ်မ ၇ အရ စည်းကမ်းဥပဒေများဖြင့် ပြဋ္ဌာန်းသည်အတိုင်းဖြစ်ရမည်။

၇။ ။(၁) နိုင်ငံတော်သမတ က၊ အခါအားလျော်စွာသတ်မှတ်သော စည်းကမ်းချက်များနှင့် နည်းလမ်းအတိုင်း ဤအဖွဲ့သည် အသက်အာမခံလုပ်ငန်းနှင့် အခြားအာမခံလုပ်ငန်းများကို ဆောင်ရွက်ရမည်။

(၂) ဤအဖွဲ့သည် အထွေထွေအာမခံနှင့်ထောက်ပံ့မှုအာမခံလုပ်ငန်းအမျိုးမျိုးကို ရှာဖွေစုံစမ်းပြီးလျှင်၊ ထိုလုပ်ငန်းများနှင့် စပ်လျဉ်းသော စီမံချက်များကိုရေးဆွဲ၍၊ နိုင်ငံတော်သမတ ထံသို့ သဘောတူညီချက်ရရန် တင်သွင်းရမည်။

(၃) ဤအဖွဲ့သည်၊ နိုင်ငံတော်သမတ ၏ကြိုတင်သဘောတူညီချက်ဖြင့်၊ မည်သည့်အာမခံလုပ်ငန်းအတွက်မဆို၊ အခြားသူတဦးတယောက်၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နိုင်သည်။

(၄) ဤအဖွဲ့သည်၊ အဖွဲ့၏တာဝန်ဝတ်တရားများကိုဆောင်ရွက်စေရန်၊ ကိုယ်စားလှယ်များကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ သော်၎င်း၊ ဖြင်ပ၌သော်၎င်း အဖွဲ့ကသင့်လျော်သည် ထင်မြင်သော အမှုထမ်းစည်းကမ်းချက်များဖြင့် ခန့်ထားနိုင်သည်။

---

[၁] ဤပုဒ်မအရ ပြုသည့်နည်းဥပဒေများကို မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၂ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၄၃၇ တွင်ထုတ်ပြန်ကျေညာသည်။

(၅) ဤအဖွဲ့သည်၊ ဤအက်ဥပဒေ၏ ရည်ရွယ်ချက်အောင်မြင်မှုအတွက် အထောက်အပံ့ပေးနိုင်သည့်ကိစ္စများကိုသော်၎င်း၊ ဖြစ်ပေါ်လာသည့် အကြောင်းသင့်ကိစ္စများကိုသော်၎င်း ဆောင်ရွက်နိုင်သည်။

၀။ ။ဤအဖွဲ့သည်၊ မိမိ၏လုပ်ငန်းကို စီမံခန့်ခွဲရန်အလို့ငှါ၊ ဤအက်ဥပဒေနှင့်၎င်း၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေများနှင့်၎င်း ညီညွတ်သော စည်းကမ်းဥပဒေများကို ရေးဆွဲရမည်။ ထို့ပြင် ဤအက်ဥပဒေအရ အပ်နှင်းထားသော အာဏာများ၏ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ ထိုစည်းကမ်းဥပဒေများသည် အထူးသဖြင့် အောက်ဖော်ပြပါ အချက်များအတွက်ဖြစ်ရမည်။

(က) အဖွဲ့၏လုပ်ငန်းကို စီမံဆောင်ရွက်ခြင်းနှင့် အဖွဲ့၏ အစည်းအဝေးများတွင် လိုက်နာရန်ကျင့်ထုံး။

(ခ) အဖွဲ့ရှိ အရာထမ်း အမှုထမ်းများ၏ တာဝန်ဝတ်တရားများနှင့် အာဏာများ။

[1](ဂ) အဖွဲ့က မိမိ၏အာဏာများကို ဥက္ကဋ္ဌအားရင်း၊ အဖွဲ့၏အရာရှိများအားရင်း လွှဲအပ်ခြင်း။

(ဃ) အဖွဲ့ကိုယ်စား၊ ပဋိညာဉ်များနှင့် အခြားစာတမ်း အမှတ်အသားများကို လက်မှတ်ရေးထိုးခြင်း။

(င) အဖွဲ့သို့ အပ်နှင်းထားသော တာဝန်ဝတ်တရားများကို၊ ယေဘုယျအားဖြင့် ထိရောက်စွာ ဆောင်ရွက်ခြင်း။

၉။ ။ဤအဖွဲ့သည်၊ ပြည်ထောင်စုအာမခံ ရံပုံငွေဟုခေါ်တွင်သည့် ရံပုံငွေတခုကိုထားရှိ၍ အောက်ဖော်ပြပါငွေများကို ထိုရံပုံငွေ၌ထည့်သွင်းရမည်။

(က) ဤအက်ဥပဒေအရ၊ အဖွဲ့ကရရှိသောငွေများ။

(ခ) မိမိ၏အာဏာများနှင့် အလုပ်ဝတ်တရားများကို အဖွဲ့က သုံးစွဲဆောင်ရွက်နိုင်ရန်၊ အစိုးရထံမှရရှိသောငွေများ။

၁၀။ ။ဤအဖွဲ့သည်၊ မိမိ၏အာဏာများနှင့် အလုပ်ဝတ်တရားများကို သုံးစွဲဆောင်ရွက်နိုင်ရန်၊ အစိုးရကမိမိသင့်လျော်သည် ထင်မြင်သောစည်းကမ်းချက်များဖြင့် အဖွဲ့သို့ ငွေထုတ်ချေးနိုင်သည်။

၁၁။ ။[2](၁) ဤအဖွဲ့သည်၊ ပုတ်တရက် သုံးစွဲရန်မလိုသော မိမိ၏ရံပုံငွေများကို၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်တွင်သော်၎င်း၊နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်တွင်သော်၎င်း၊ ထိုဘဏ် နှစ်ခုစလုံးတွင်သော်၎င်း အပ်နှံထားရမည်။

(၂) ဤအဖွဲ့၏ရံပုံငွေများကို အဖွဲ့ကစည်းကမ်းဥပဒေများဖြင့်၊ ပြဋ္ဌာန်းသည့်အတိုင်း စီမံခန့်ခွဲရမည်။

[3]၁၂။ ။(၁) ဤအဖွဲ့သည်၊ ပြည်ထောင်စုအာမခံရံပုံငွေကိုရင်းနှီးလိုလျှင် ပြည်ထောင်စုအစိုးရကတိုက်ရိုက်အာမခံသည့် ငွေချေးစာချုပ်များနှင့် ပြည်ထောင်စုအစိုးရက အသိအမှတ်ပြုထားသော ဒေသန္တရအဖွဲ့တခုခုက အာမခံသည့်ငွေချေးစာချုပ်များကို သက်ဆိုင်ရာအစိုးရဌာနမှသော်၎င်း၊ ဒေသန္တရအဖွဲ့မှသော်၎င်း၊ တိုက်ရိုက်ဝယ်ယူ၍ ရင်းနှီးနိုင်သည်။

---

[1] ၁၉၅၂ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၅ အရ၊ အစားထည့်သွင်းသည်။
[2] ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၃ အရ၊ အစားထည့်သွင်းသည်။
[3] ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၂ အရ၊ အစားထည့်သွင်းသည်။

(၂) အဖွဲ့သည်၊ပြည်ထောင်စုအာမခံရံပုံငွေကို၊ ပုဒ်မခွဲ (၁)ပါ ပြဋ္ဌာန်းချက်နှင့်အညီမှတပါး အခြားနည်းလမ်းဖြင့်ရင်းနှီးလိုလျှင်၊ နိုင်ငံတော်သမတ ၏သဘောတူညီချက်ကို ကြိုတင်ရယူရမည်။

၁၃။ ။ဤအဖွဲ့၏ ရံပုံငွေများကို အောက်ပါကိစ္စများအတွက် သုံးစွဲရမည်။

(က) အစိုးရက ဤအဖွဲ့သို့ထုတ်ချေးသောငွေအတွက် အနိုးရအား အတိုးပေးခြင်း၊ သို့တည်းမဟုတ် အရင်းပြန်ဆပ်ခြင်း။

(ခ) အာမခံထားသူအား ပေးရန်ရှိသည့် ပေါ်လီစီငွေများကို ထုတ်ပေးခြင်း။

(ဂ) အာမခံထားသူအား ငွေထုတ်ချေးပြင်း။

(ဃ) လုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ကျမည့်အုပ်ချုပ်မှုအသုံးစရိတ်များ။

(င) ဤအဖွဲ့ကလိုအပ်သည်ဟု ယူဆသည့်အခြားအသုံးစရိတ်များကို နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့်ကျခံခြင်း။

၁၄။ ။ဤအဖွဲ့သို့ဖြစ်စေ၊ အစိုးရသို့ဖြစ်စေ၊ ပေါ်လီစီရှင်က ပေးဆပ်ရန်ရှိသောကြွေးမြီနှင့်စပ်လျဉ်း၍မှတပါး ပေါ်လီစီရှင်တပေးဆပ်ရန်ရှိသော အခြားကြွေးမြီများနှင့်စပ်လျဉ်း၍၊ ပေါ်လီစီရှင်သို့ ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများအရဖြစ်စေ ထုတ်ပေးရမည့် ပေါ်လီစီငွေများကို တရားမရုံးမှသော်၎င်း၊ အခွန်တော်ရုံးမှသော်၎င်း၊ ရာဇဝတ်ရုံးမှသော်၎င်း ချမှတ်သော အမိန့်အရ၊ သို့တည်းမဟုတ် ဒီကရီအရ၊ ဝါရမ်းမကပ်စေရ။

[၁]၁၅။ ။(၁) ဥပဒေ၌သော်၎င်း၊ ဥပဒေကဲ့သို့ပင် အာဏာတည်သော ဓလေ့ထုံးစံ၌သော်၎င်း၊ မည်သို့ပင်ဆိုထားစေကာမူ၊ ဤဥပဒေအရပြုသည့် အသက်အာမခံ ပေါ်လီစီ လွှဲပြောင်းပေးခြင်းမှာ မပြုမနေရဖြစ်ရမည့်ပြင်၊ ဆိုခဲ့သည့်လွှဲပြောင်းပေးခြင်းသည် မည်သည့်စည်းကမ်းချက်ပါရှိစေကာမူ၊ ဆိုခဲ့သည့်ဥပဒေကြောင့် သော်၎င်း၊ ဆိုခဲ့သည့်ဓလေ့ထုံးစံကြောင့် သော်၎င်း မပျက်စေရ။

ခြွင်းချက်။ ။(က) သို့ရာတွင် မိသားစုရှိသော ဤအက်ဥပဒေအရ၊ အာမခံထားသူတဦးသည်၊ မိမိ၏မိသားစု၌မပါသောသူအား ဆိုခဲ့သည့် လွှဲပြောင်းပေးခြင်းကိုမပြုရ။

(ခ) ထို့ပြင်၊မိသားတစုမရှိသော ဤအက်ဥပဒေအရအာမခံထားသူတဦးသည်၊မည်သူ့အတွက်မဆို ဆိုခဲ့သည့် လွှဲပြောင်းပေးခြင်းကို မိမိသဘောအလျောက်ပြုနိုင်သည်။

(၂) ပုဒ်မခွဲ (၁) ခြွင်းချက် (ခ) အရ၊ အာမခံထားသူကပြုသည့်ဆိုခဲ့သော လွှဲပြောင်းပေးခြင်းသည်၊ ထိုသူအိမ်ထောင်ပြုသည်နှင့်တပြိုင်နက်၊ အလိုအလျောက်ပျက်သည်ဟု မှတ်ယူရမည်။

(၃) အာမခံထားသူသည်၊ ဤအက်ဥပဒေအရပြုသည့် ဆိုခဲ့သောလွှဲပြောင်းပေးခြင်းကို အဖွဲ့က ပြဋ္ဌာန်းသည့် စည်းကမ်းချက်များအတိုင်း [ပြင်နိုင်သည်][၂]၊ သို့တည်းမဟုတ် ပယ်ဖျက်နိုင်သည်။

၁၆။ ။(၁) ဤအဖွဲ့သည်၊နိုင်ငံတော်သမတ ၏အခွင့်အမိန့်ကိုရရှိရန်၊ ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ၊ နောက်လာမည့်ဘဏ္ဍာရေးနှစ်အတွက် ရ-သုံးမှန်းခြေငွေစာရင်းကို တင်ပြရမည်။ ထပ်မံပြင်ဆင်သော မှန်းခြေငွေစာရင်းကိုလည်း၊ အခါအားလျော်စွာ ထိုနည်းအတိုင်း နိုင်ငံတော်သမတ ထံတင်ပြရမည်။

---

[၁] ၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၄၄ အရ၊ အစားထည့်သွင်းသည်။

[၂] ၁၉၅၂ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၅ အရ၊ အစားထည့်သွင်းသည်။

ခြွင်းချက်။ ။သို့ရာတွင် ဤအဖွဲ့က အလုပ်ဝတ်တရား စတင်ဆောင်ရွက်သော ပဌမနှစ်အတွက်မှာမူ၊ ထိုသို့စတင်ဆောင်ရွက်သောနေ့မှအစပြု၍၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည်အထိ ကာလအပိုင်းအခြားအတွက် မှန်းခြေငွေစာရင်းကို၊ လျင်မြန်နိုင်သမျှလျင်မြန်စွာ နိုင်ငံတော်သမတ ထံ တင်ပြရမည်။

(၂) ဤအဖွဲ့သည်၊ နိုင်ငံတော်သမတ ၏ကြိုတင်သဘောတူညီချက် မရရှိဘဲ၊ ပုဒ်မခွဲ (၁)အရ၊ ခွင့်ပြုပြီးဖြစ်သော မှန်းခြေငွေစာရင်းထက်ပို၍ သုံးစွဲခြင်းမပြုရ။

၁၇။ ။(၁) ဤအဖွဲ့သည်၊ နိုင်ငံတော်သမတ ကညွှန်ကြားသည့် ကာလအပိုင်းအခြားအတွက် ငွေစာရင်းအကျယ်များနှင့် အခြားအစီရင်ခံ စာရင်းများကို နိုင်ငံတော်သမတ ထံတင်ပြရမည်။

(၂) ဤအဖွဲ့သည်၊ မိမိ၏ငွေစာရင်းများကို နိုင်ငံတော်သမတ ၏သဘောတူညီချက်ဖြင့် နိုင်ငံတော်စာရင်းစစ်ချုပ်ကပြဌာန်းသည့် ပုံစံများအတိုင်း ထားရှိရမည်။

(၃) ဤအဖွဲ့၏ငွေစာရင်းများကိုနိုင်ငံတော်စာရင်းစစ်ချုပ်ကနှစ်စဉ်စစ်ဆေး၍၊နိုင်ငံတော်သမတ ထံ အစီရင်ခံစာတင်သွင်းရမည်။ ထိုအစီရင်ခံစာကို နိုင်ငံတော်သမတ က ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ်သို့ တင်ပြစေရမည်။

သို့ရာတွင်၊ အဖွဲ့၏ငွေစာရင်းများကို၊ နိုင်ငံတော်စာရင်းစစ်ချုပ်၏ ကြိုတင်သဘောတူညီချက်ဖြင့်ခန့်သော ပြည်သူ့ဝန်ထမ်းမဟုတ်သည့် နာမည့်ရငွေစာရင်းစစ်က၊ ကုန်သည်တို့နည်းလမ်းအတိုင်း ကြားဖြတ်စစ်ဆေးရန်၊ ဤအဖွဲ့သည် နိုင်ငံတော်သမတ ၏သဘောတူညီချက်ဖြင့်ဆောင်ရွက်နိုင်သည်ဟူသော အခွင့်အရေးရှိစေရမည်။

(၄) ဤအဖွဲ့သည်၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါတိုင်း၊ ထိုနှစ်အတွင်း မိမိဆောင်ရွက်သော လုပ်ငန်းအကြောင်းနှင့် မိမိချထားသော ဝါဒရည်ညွှန်းချက်မူကို မည်သို့ ဆောင်ရွက်ကြောင်းများ ဖေါ်ပြပါရှိသော နှစ်ချုပ်အစီရင်ခံစာကို၊ နိုင်ငံတော်သမတ ထံသို့တင်ပြရမည်။ ထိုနှစ်ချုပ် အစီရင်ခံစာကို၊ နိုင်ငံတော်သမတက ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်သို့ တင်ပြစေရမည်။

၁၈။ ။ဤအဖွဲ့သည်၊ မိမိ၏ဝင်ငွေနှင့်အမြတ်ငွေများအတွက် အမြတ်တော်ခွန်နှင့် အပိုအမြတ်တော်ခွန်များ ထမ်းဆောင်ခြင်းမပြုထိုက်စေရ။

၁၉။ ။ပြည်ထောင်စု၏ ကုန်းတပ်၊ ရေတပ်၊ လေတပ်တို့တွင် အမှုထမ်းနေသောသူနှင့် စပ်လျဉ်း၍၊ ဤအက်ဥပဒေအတိုင်း ဆောင်ရွက်ရာတွင်၊ ဤအဖွဲ့သည် အဖွဲ့ကသင့်သည်ထင်မြင်သည့်အတိုင်း နိုင်ငံတော်သမတ ၏ကြိုတင်သဘောတူညီသော စည်းကမ်းဥပဒေများဖြင့် ပြုပြင်ဆောင်ရွက်နိုင်သည်။

၂၀။ ။နိုင်ငံတော်သမတ သည်၊ အမိန့်ထုတ်ပြန်ကြေညာခြင်းဖြင့် ဤအက်ဥပဒေကိုပြည်ထောင်စုအတွင်းရှိ မည်သည့်ဒေသန္တရအဖွဲ့သို့မဆို၊ မိမိကသင့်သည်ထင်မြင်သည့် နည်းလမ်းအတိုင်း သက်ရောက်ပျံ့နှံ့စေနိုင်သည်။

၂၁။ ။တည်ဆဲဥပဒေတခုခု၌၊ မည်သို့ပင်ဆိုထားစေကာမူ၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ အရွယ်မရောက်သေးသူကပြုလုပ်သည့် အသက်အာမခံပေါ်လီစီသည်၊ တရားဝင်သည်ဟု မှတ်ယူရမည်။

၂၂။ ။(၁) နိုင်ငံတော်သမတ သည်၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ နည်းဥပဒေများ[°] ပြုလုပ်နိုင်သည်။

(၂) အထူးသဖြင့် အထက်ကဆိုခဲ့သော အာဏာ၏ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ ထိုနည်းဥပဒေများသည် အသက်အာမခံနှင့်စပ်လျဉ်း၍၊ အောက်ပါတို့ကို ပြဋ္ဌာန်း သတ်မှတ်နိုင်သည်။

(က) ပြည်ထောင်စု ပြည်သူ့ဝန်ထမ်းများ မုချထားရှိရမည့် အနည်းဆုံးအာမခံငွေ။

(ခ) ပြည်ထောင်စု ပြည်သူ့ဝန်ထမ်းများ မုချထားရမည့် အနည်းဆုံးထပ်တိုးအာမခံငွေ။

(ဂ) ဤအက်ဥပဒေအရ၊ ထုတ်ပေးသော ပေါ်လီစီအတွက် ပေါ်လီစီရှင်က အနည်းဆုံး ချေးယူနိုင်သည့်ငွေ။

(ဃ) ပြည်ထောင်စု ပြည်သူ့ဝန်ထမ်းက ပေးဆောင်ရမည် ပရီမီယံများထဲသို့ အစိုးရကထည့်ဝင်ရမည့် တော်သင့်သော ထောက်ပံ့ငွေ။

(င) ပြည်ထောင်စု ပြည်သူ့ဝန်ထမ်းထံမှ၊ ပရီမီယံများ ကောက်ခံနည်း။

၂၃။ ။ဤအဖွဲ့ကဖြစ်စေ၊ ဤအဖွဲ့၏အရာထမ်း အမှုထမ်းများကဖြစ်စေ၊ ချမှတ်သည့် အမိန့်သည်၊ သို့တည်းမဟုတ် ဆုံးဖြတ်ချက်သည် သင့်လျော်သည် မသင့်လျော်သည်ကို စိတ်ကျေနပ်အောင် ကြည့်ရှုရန်၊ နိုင်ငံတော်သမတ သည်၊ ဤအဖွဲ့ထံမှသော်၎င်း၊ ဤအဖွဲ့၏အရာထမ်း အမှုထမ်းများထံမှသော်၎င်း ဆောင်ရွက်ပြီးဖြစ်သော မှုခင်းကိစ္စများနှင့်စပ်လျဉ်းသည့် အမှုတွဲ မှတ်တမ်းများကို အချိန်မရွေးတောင်းယူကြည့်ရှုနိုင်သည့်ပြင်၊ မိမိသင့်လျော်သည် ထင်မြင်သော အမိန့်ကို ချမှတ်နိုင်သည်။

၂၄။ ။(၁) ဤအက်ဥပဒေက ပေးအပ်ထားသော တာဝန်ဝတ်တရား၊ အလုပ်ဝတ်တရားနှင့် အခြားတာဝန်များကို၊ ဤအဖွဲ့ကဆောင်ရွက်ရန်ပျက်ကွက်သည်ဟု၊ နိုင်ငံတော်သမတ ကထင်မြင်သဘောရရှိလျှင်၊ နိုင်ငံတော်သမတ သည် အမိန့်ထုတ်ပြန်၍၊ ဤအဖွဲ့ကိုပြန်လည်သိမ်းပိုက်ကြောင်းကျေညာနိုင်သည်၊ ထိုသို့ကျေညာပြီးနောက်၊ အဖွဲ့၏လုပ်ငန်းအရပ်ရပ် စီမံခန့်ခွဲ ညွှန်ကြားဆောင်ရွက်မှုကို၊ နိုင်ငံတော်သမတ ကခန့်ထားသော ကိုယ်စားလှယ်သို့အပ်နှင်းရမည်။ ထိုသို့အပ်နှင်းခြင်းခံရသော ကိုယ်စားလှယ်သည်၊ ဤအက်ဥပဒေအရ၊ အဖွဲ့ကသုံးစွဲဆောင်ရွက်နိုင်သည့် အာဏာနှင့် လုပ်ငန်းများကို သုံးစွဲဆောင်ရွက်နိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ၊ အရေးယူသောအခါ၊ နိုင်ငံတော်သမတ သည်၊ ထိုသို့အရေးယူရသည့် အကြောင်းရင်းအခြေအနေများနှင့်၊ အရေးယူပုံ အစုံအလင်ဖော်ပြပါရှိသော အစီရင်ခံစာကို လျှင်မြန်နိုင်သမျှလျှင်မြန်စွာ ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်သို့တင်ပြစေနိုင်သည့်။ ထိုသို့တင်ပြစေခြင်းကို၊ ဤအဖွဲ့အား ပြန်လည်သိမ်းပိုက်ကြောင်း ကျေညာသည်နေ့မှစ၍၊ ခြောက်လအတွင်း ပြုရမည်။

(၃) ဤပုဒ်မအရ၊ ထုတ်ပြန်သောကျေညာချက်၏ သက်တမ်းသည်၊ ခြောက်လထက် မပိုစေရ၊ သို့ရာတွင် နိုင်ငံတော်သမတ သည် ထိုကျေညာချက်ကိုပင်ထပ်မံ၍ ထုတ်ပြန်နိုင်သည်။ ထိုသို့ထပ်မံ၍ ထုတ်ပြန်သည့်အခါတိုင်း ခြောက်လမျှသာကြာမြင့်ရမည်။

<u>ခြွင်းချက်</u>။ ။သို့ရာတွင် နိုင်ငံတော်သမတ သည်၊ ဤပုဒ်မအရ၊ အဖွဲ့ကိုပြန်လည်သိမ်းပိုက်ပြီးသည့်နောက်၊ မည်သည့်အခါ၌မဆို၊ သင့်လျော်သည်ဟုထင်မြင်လျှင် ဤအက်ဥပဒေပုဒ်မ ၄ အရ၊ အဖွဲ့အသစ်တဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

---

[°] ဤပုဒ်မအရပြုသည့်၊ နည်းဥပဒေများကို၊ မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၂ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၇၃၁ တွင် ထုတ်ပြန်ကျေညာသည်။

၂၅။ ။အသက်အာမခံကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည်၎င်း၊ အာမခံကုမ္ပဏီများ အက်ဥပဒေပါပြဋ္ဌာန်းချက်များသည်၎င်း၊ ဤအက်ဥပဒေအရ၊ ဖွဲ့စည်းသောအဖွဲ့နှင့် မသက်ဆိုင်စေရ။

၂၆။ ။ဤအက်ဥပဒေအရ ပြုလုပ်သည့် အာမခံအရ၊ ထုတ်ပေးရန်ရှိသော ပေါ်လီစီငွေများအတွက်၊ ပြည်ထောင်စုအစိုးရက တာဝန်ခံသည်။

## အာမခံကုမ္ပဏီများကိုနိုင်ငံပိုင်ပြုလုပ်ခြင်းအက်ဥပဒေ။*

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၀။] (၁၉၅၀ ခု၊ နိုဝဘ်ာလ ၂ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ အာမခံကုမ္ပဏီများကိုနိုင်ငံပိုင်ပြုလုပ်ခြင်း အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ဤအက်ဥပဒေတွင်—

(က) "ကုမ္ပဏီ" ဆိုသည်မှာ၊ မြန်မာနိုင်ငံကုမ္ပဏီ အက်ဥပဒေအရ၊ ၁၉၅၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မတိုင်မီ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံစာရင်းတင်သွင်းပြီးလျှင် အသက်အာမခံကုမ္ပဏီအက်ဥပဒေ (Life Insurance Companies Act) † အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတွင်အသက်အာမခံအလုပ်များကို လုပ်ကိုင်လျက်ရှိသော လီမိတက် ကုမ္ပဏီများနှင့် အထွေထွေအာမခံလုပ်ငန်းများကို လုပ်ကိုင်နေသော အခြားကုမ္ပဏီများကို ဆိုလိုသည်။

(ခ) "အဖွဲ့" ဆိုသည်မှာ၊ ၁၉၅၀ ပြည့်နှစ်၊ ပြည်ထောင်စု အာမခံစိန်စ်အဖွဲ့ အက်ဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စု အာမခံစိန်စ်အဖွဲ့ကို ဆိုလိုသည်။

၃။ ။(၁) နိုင်ငံတော်သမတ သည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြသောကုမ္ပဏီကို သီးခြားဖေါ်ပြသောနေ့ရက်တွင် နိုင်ငံပိုင်အဖြစ်ဖြင့် သိမ်းယူနိုင်သည်။ ယင်းသို့သိမ်းယူသည့်အခါ၊ ထိုကုမ္ပဏီရှိဌာနများကို တဌာနပြီးတဌာနခွဲ၍ ထိုဌာနဆိုင်ရာ ပစ္စည်းအရပ်ရပ်နှင့်တကွ အကြိမ်ကြိမ်သော်၎င်း၊ သိမ်းယူနိုင်သည်။ သို့တည်းမဟုတ် ထိုကုမ္ပဏီတခုလုံးကို ဆိုင်ရာပစ္စည်းအရပ်ရပ်နှင့်တကွ တကြိမ်တည်းသော်၎င်း သိမ်းယူနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ သိမ်းယူသောအခါ ထိုကုမ္ပဏီနှင့် ထိုကုမ္ပဏီဆိုင်ရာပစ္စည်းအရပ်ရပ်သည်၊ သို့တည်းမဟုတ် ကုမ္ပဏီထံမှသိမ်းယူသောဌာနနှင့် ထိုဌာနဆိုင်ရာ ပစ္စည်းအရပ်ရပ်သည် အဆိုပါအမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြသောနေ့မှအစပြု၍အဖွဲ့ပိုင်ဖြစ်ရမည်။

၄။ ။ (၁)ပုဒ်မ ၃ အရ နိုင်ငံပိုင်အဖြစ်ဖြင့် သိမ်းယူသောနေ့မှအစပြု၍ သိမ်းယူသည့်ဌာနသည်၊ သို့တည်းမဟုတ် ကုမ္ပဏီသည် အဖွဲ့၏အုပ်ချုပ်စီမံမှုအောက်သို့ရောက်ရှိလာရမည်။ ထိုဌာန၏၊သို့တည်းမဟုတ် ကုမ္ပဏီ၏ ရာထမ်းမှုထမ်းအားလုံးသည်လည်း၊ အဖွဲ့၏ ရာထမ်း မှုထမ်းများ ဖြစ်ကြရမည်။

---

* မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၁ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၈၇၃ တွင် ထုတ်ပြန်ကျေညာသည်။

† Life Assurance Companies Act (India Act VI, 1912).

သို့ရာတွင် ထိုရာထမ်း မှုထမ်းများ၏ ရာထူးအဆင့်အတန်း လစာနှင့် စရိတ်ကြေးငွေများသည်၊ အဖွဲ့ကသတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

(၂) ပုဒ်မ ၃ (၁) အရ၊ ကုမ္ပဏီ၏ဌာနများထဲမှဌာနတခုသာစဘင်သိမ်းယူသောအခါ၊ ထိုဌာနဆိုင်ရာအဖွဲ့၏ရာထမ်း မှုထမ်းများသည်မသိမ်းယူသေးဘဲ ကျန်နေသော ဌာနများအတွက် အဖွဲ့၏ကြီးကြပ်အုပ်ချုပ်ခြင်းကိုလိုက်နာလျက် အလုပ်လုပ်ကိုင်ဆောင်ရွက်နိုင်သည်။

၅။ ။(၁) ပုဒ်မ ၃ အရ နိုင်ငံပိုင်အဖြစ်ဖြင့် သိမ်းယူသည့်အတွက်၊ ဆိုင်ရာကုမ္ပဏီကို အစိုးရက တရားမျှတသောလျော်ကြေးပေးရမည်။ ထိုတရားမျှတသောလျော်ကြေးသည် ယင်းသို့သိမ်းယူသောနေ့၌ သိမ်းယူသောပစ္စည်းအရပ်ရပ်၏ကာလတန်ဘိုးဖြစ်ရမည်။ ထိုကာလတန်ဘိုးကို အဖွဲ့နှင့် ကုမ္ပဏီနှစ်ဦးသဘောတူရွေးချယ်သည့် အာမခံစာရင်းအင်းကျွမ်းကျင်သူ (actuary) က ဆုံးဖြတ်ရမည်။ အကယ်၍၊ ယင်းသို့ရွေးချယ်ရာတွင် အဖွဲ့နှင့်ကုမ္ပဏီတို့သဘောတူညီချက်မရရှိလျှင်၊ နိုင်ငံတော်သမတရွေးချယ်သည့် အာမခံစာရင်းအင်းကျွမ်းကျင်သူ (actuary) က ထိုကာလတန်ဘိုးကို ဆုံးဖြတ်ရမည်။

(၂) ပုဒ်မခွဲ (၁) အရရွေးချယ်ခြင်းခံရသည့် အာမခံစာရင်းအင်း ကျွမ်းကျင်သူ (actuary) ၏ အခကို အစိုးရနှင့်ကုမ္ပဏီတို့ကထက်ဝက်စီပေးရမည်။

၆။ ။အဆိုပါ ကာလတန်ဘိုးကို အစိုးရက သင့်တော်သည်ဟု သတ်မှတ်သောနည်းလမ်းအတိုင်း ဆိုင်ရာကုမ္ပဏီအားအစိုးရကပေးရမည်။

၇။ ။(၁) ပုဒ်မ ၅ အရ ဆုံးဖြတ်သောကာလတန်ဘိုးကိုအစိုးရကသော်၎င်း၊ကုမ္ပဏီကသော်၎င်း သဘောမတူခဲ့သော်၊ နိုင်ငံတော်သမတ ခန့်သည့် ပုဂ္ဂိုလ်သုံးဦးပါဝင်သောခုံအဖွဲ့က ထိုကာလတန်ဘိုးကိုဆုံးဖြတ်ရမည်။

(၂) ထိုခုံအဖွဲ့တွင် လွှတ်တော်တရားဝန်ကြီးတဦးက ဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်၍ ကျန်နှစ်ဦးအနက်၊ တဦးမှာ ပုဒ်မ ၅ အရ ကာလတန်ဘိုးဆုံးဖြတ်သူမဟုတ်သည့် အရည်အချင်းနှင့်ပြည့်စုံသော အာမခံစာရင်းအင်းကျွမ်းကျင်သူ (actuary) တဦးဖြစ်ရမည်။

(၃) ၁၉၅၀ ခုနှစ်၊ စုံစမ်းရေးကော်မီတီများအက်ဥပဒေပုဒ်မ ၉၊ ၁၀ နှင့် ၁၁ ပါ ပြဋ္ဌာန်းချက်များသည် ထိုအက်ဥပဒေပုဒ်မ ၂ တွင် ရည်ညွှန်းထားသည့် စုံစမ်းရေးကော်မီတီနှင့် သက်ဆိုင်သကဲ့သို့ ထိုခုံအဖွဲ့နှင့်သက်ဆိုင်ရမည်။

(၄) ထိုခုံအဖွဲ့ဝင်များ ထင်မြင်ယူဆချက်ကွဲလွဲသည့်အခါ အဖွဲ့ဝင်များရာ၏ထင်မြင်ယူဆချက်သည် အတည်ဖြစ်ရမည်။

(၅) ထိုခုံအဖွဲ့ဝင်သုံးဦးထဲမှ တဦးတယောက်သည် အကြောင်းတခုခုကြောင့်၊ ခုံအဖွဲ့၏ တာဝန်များကို ဆက်လက်ဆောင်ရွက်ခြင်းမပြုနိုင်သော်၊ ထိုတာဝန်များကို ဆက်လက်ထမ်းဆောင်နိုင်ရန် အခြားသင့်တော်သောပုဂ္ဂိုလ်တဦးကို နိုင်ငံတော်သမတကခန့်ရမည်။ ယင်းသို့ခန့်ခြင်းဖြင့်၊ ခုံအဖွဲ့လုပ်ခဲ့ပြီးသော အလုပ်များကိုထိခိုက်ခြင်းမရှိဘဲ ခုံအဖွဲ့သည်စတင်ဖွဲ့စည်းစဉ်ကပင် ထိုသူအား ခုံအဖွဲ့ဝင်ခန့်ဘိသကဲ့သို့ ဆက်လက်၍ဆောင်ရွက်နိုင်သည်။

(၆) ခုံအဖွဲ့တွင် ပါဝင်ဆောင်ရွက်သောအာမခံစာရင်းအင်းကျွမ်းကျင်သူ (actuary) နှင့် ပြည်ထောင်စုဘဏ္ဍာတော်မှ လစာခံယူနေသည့်သူမဟုတ်သော ခုံအဖွဲ့ဝင် တဦးတယောက်၏ အခကို၊ အစိုးရနှင့်ကုမ္ပဏီတို့က ထက်ဝက်စီပေးရမည်။

၈။ ။တရားမျှတသော လျော်ကြေးနှင့်စပ်လျဉ်း၍ ခုံအဖွဲ့ကချမှတ်သော ဆုံးဖြတ်ချက်ကို၊ ဥပဒေကြောင်းနှင့်ဖြစ်စေ၊ အမှုခြင်းရာနှင့်ဖြစ်စေ၊ အစိုးရသည်၊သို့တည်းမဟုတ် ဆိုင်ရာကုမ္ပဏီသည်၊ တရားလွှတ်တော်ချုပ်သို့အယူခံနိုင်သည်။